**မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အမိန့်ကြော်ငြာစာအမှတ် (၁၅/၂၀၁၇) အပိုဒ်(ဃ) အပိုဒ်ခွဲ(၁)ပါ ပြည်ထဲရေးဝန်ကြီးဌာန၏အတည်ပြုချက်ရယူဆောင်ရွက်ရမည့်လုပ်ငန်းများအတွက် လိုအပ်သည့်စံသတ်မှတ်ချက်များ**

| စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|
| ၁ | မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဓါတုဗေဒ ပစ္စည်းများ အသုံးပြုထုတ်လုပ်သော ဆေးဝါးများထုတ်လုပ်ခြင်း နှင့် ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်း | (က) လုပ်ငန်းဆောင်ရွက်မည့်လုပ်ငန်းရှင်သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတွင် မွေးဖွားသည့် မြန်မာနိုင်ငံသား ဖြစ်ရမည်။<br>(ခ) စီးပွားရေးဆောင်ရွက်မည့် စက်ရုံ၊ အလုပ်ရုံအတွက် လုံလောက်သောမြေနေရာ ရှိရမည်။<br>(ဂ) လုပ်ငန်းဆောင်ရွက်မည့် စက်ရုံ၊အလုပ်ရုံသည် လူနေ ရပ်ကွက်များနှင့် ဝေးကွာသည့်နေရာ၌ တည်ရှိရမည်။<br>(ဃ) လုပ်ငန်းဆောင်ရွက်မည့်မြေနေရာသည် စက်မှုမြေငှား ဂရန် ရရှိပြီးဖြစ်ရမည်။<br>(င) မြေနေရာနှင့်ပတ်သက်၍ ပိုင်ဆိုင်မှုအထောက်အထား ခိုင်လုံမှုရှိရမည်။<br>(စ) စက်ရုံ၊ အလုပ်ရုံသည် သက်ဆိုင်ရာဌာနများ၏ ထောက်ခံချက်၊ ခွင့်ပြုချက်များ ရရှိထားခြင်း ရှိ/မရှိ။<br>(ဆ) ဆောက်လုပ်သည့် အဆောက်အဦသည် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ အတည်ပြုသတ်မှတ်သည့် ပုံစံနှင့် ကိုက်ညီမှုရှိ/မရှိ။<br>(ဇ) လုပ်ငန်းဆောင်ရွက်မည့် အဆောက်အဦသည် သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာနမှ အတည်ပြု သတ်မှတ်သည့် ပုံစံနှင့် ကိုက်ညီမှုရှိ/မရှိ။<br>(ဈ) ထုတ်လုပ်မည့်ဆေးဝါးများနှင့်ပတ်သက်၍ ကုန်ကြမ်း ပစ္စည်းများဝယ်ယူမည့်နေရာ၊ သယ်ယူမည့်လမ်းကြောင်း၊ သိုလှောင်မည့်နေရာ၊ လစဉ် သိုလှောင်/အသုံးပြုမည့် ပမာဏတို့အား တိကျစွာ မှတ်ပုံတင်ထားခြင်း ရှိ/မရှိ။ |

| စဉ် | စီးပွားရေးလုပ်ငန်း အမျိုးအစား | လိုအပ်သည့်စံသတ်မှတ်ချက်များ |
|---|---|---|
| | | (ည) ထုတ်လုပ်မည့်ဆေးဝါးများနှင့်ပတ်သက်၍ ကုန်ကြမ်းပစ္စည်းမှာ ထိန်းချုပ်ဓာတုပစ္စည်းဖြစ်ပါက တရားမဝင်လမ်းကြောင်းသို့ ပြောင်းလဲ၍ အသုံးပြုခြင်းမရှိစေရန် ဝယ်ယူခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ သိုလှောင် အသုံးပြုခြင်းတို့ကို ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ဖြင့်သာ ဆောင်ရွက်ရမည်။<br>(ဋ) ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းနှင့် စပ်လျဉ်း၍ လစဉ်မှတ်တမ်းများကို ပြုစုထားရမည်။<br>(ဌ) ၂၀၁၄ ခုနှစ် ထိန်းချုပ်ဓာတုပစ္စည်း ကြီးကြပ်ရေးဆိုင်ရာ နည်းဥပဒေများနှင့်အညီ ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့၏ ခွင့်ပြုချက်ပါစည်းကမ်းချက်များကို လိုက်နာရမည်။ |